## ဧပြီလ ၁ရက် ၂၀၁၀ သန်းခေါင်စာရင်း ကောက်ယူမည့်နေ့

www.2010.census.gov

၂၀၁၀ သန်းခေါင်စာရင်း ကောက်ယူရာမှာ လူတိုင်း လူတိုင်း ပါဝင်ပေးကြဖို့ အရေးကြီး ပါတယ်။ အဲဒီလို ပါဝင်မှသာ ဖီဒရယ်နဲ့ ပြည်နယ် အစိုးရက လူထု စီမံကိန်းနဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေ အတွက် ထားရှိတဲ့ ဒေါ်လာ ဘီလျံ ၃၀၀ ထက် ပိုတဲ့ ရံပုံငွေထဲက မိမိနဲ့ သက်ဆိုင်တဲ့ လူထု အသိုင်းအဝိုင်း အတွက် ရသင့်ရထိုက်တဲ့ ဝေစုကို ရရှိနိုင်ဖို့ သေချာမှာ ဖြစ်ပါတယ်။ ၂၀၁၀ သန်းခေါင်စာရင်း ကောက်ယူရာမှာ ပါဝင်ဖို့က ကိုယ့်အတွက် အန္တရာယ် မရှိသလို ပါဝင်ဖို့လဲ လွယ်ကူပါတယ်။ ပါဝင်ဖို့ကလဲ အရေးကြီးလှပါတယ်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

### ကျွန်တော်တို့ / ကျွန်မတို့ မြန်မာလိုပဲ ပြောတတ်တယ်။

အင်္ဂလိပ်လို ကောင်းကောင်း မပြောတတ်ဘူး။

ပြောရင်လဲ နားမလည်ဘူး။ ကျွန်တော်တို့/ကျွန်မတို့ အတွက် အမှန်တကယ် ကျွမ်းကျင် နားလည်တဲ့ စကားပြန် ကောင်းကောင်း တစ်ယောက်လောက် ထားပေးပါ။

ဥပဒေ အရ ဖီဒရယ် အစိုးရရဲ့ ထောက်ပံ့မှုကို ခံယူရရှိနေကြတဲ့ အစီအစဉ်တွေ (ဥပမာ-မယ်ဒီကိတ် (Medicate)၊ မယ်ဒီကဲ (Medicare)၊ ဖုဒ်စတန့်ပ်စ် (food stamps)) ဟာ အင်္ဂလိပ်လို ကောင်းကောင်း မတတ်တဲ့ လူနာတွေ၊ ကူညီမှု ရရှိနေသူတွေ အတွက် အမှန်တကယ် ကျွမ်းကျင် နားလည်တဲ့ စကားပြန်တွေ ထားပေးဖို့ လိုအပ်ပါတယ်။ အဲဒီ ဥပဒေမှာ လူတိုင်း လူတိုင်းက လူထုအတွက် ဖွင့်ထားပေးတဲ့ ဝန်ဆောင်မှုတွေ (ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ အစိုးရ ရုံးဌာန စတဲ့ နေရာတွေ) အားလုံးကို တန်းတူညီ ရပိုင်ခွင့် ရှိတယ်လို့ ပြဌာန်း ထားတာပါ။ လိုအပ်သလို ဘာသာပြန် ပေးရတဲ့ ဝန်ဆောင်မှုကိုလဲ လာရောက်သူတွေထံက အခကြေးငွေ လုံးဝ မယူဘဲ ဆောင်ရွက်ပေး ရမှာ ဖြစ်ပါတယ်။ အခု လာရောက်သူ ဘယ်ဘာသာ စကားကို အဓိက ပြောတတ်တယ် ဆိုတာကို သူ့ရဲ့ မှတ်တမ်းဖိုင်ထဲမှာ မှတ်တမ်းတင် ထားသင့်တယ်လို့ အကြံပြု ချင်ပါတယ်။

ဘာသာစကားနဲ့ ပတ်သက်တဲ့ အကူအညီ ဒါမှမဟုတ် ဥပဒေ အကြောင်းကို ပိုပြီး သိချင်တယ် ဆိုရင်တော့ အောက်က ဖုန်းနံပါတ်တွေကို ဆက်သွယ်ပြီး စုံစမ်း မေးမြန်းလို့ ရပါတယ်။

ကာလ်ချာကွန်နက်  - (၄၀၄) ၆၂၇-၄၇၉၃
စီဗယ်လ်ရိုက် ရုံးခန်း - (၄၀၄) ၅၆၂-၇၈၈၆
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~